Special Advisory Council for
MYANMAR

# SAC-M သည် မောင်တောတွင် ကြီးမားပြင်းထန်သော ချိုးဖောက်မှုများ ဖြစ်ပေါ်နိုင်ခြင်းအပေါ် စိုးရိမ်ပူပန်ကြောင်း ထုတ်ပြန်ကြေညာခြင်းနှင့် လက်နက်ကိုင်အဖွဲ့အားလုံးကို ပြည်သူများ၏ လုံခြုံရေးကို အာမခံရန် တိုက်တွန်းကြောင်း ပြောကြားလိုက်သည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်။

မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) သည် ရခိုင်ပြည်နယ် မြောက်ပိုင်း၊ မောင်တောမြို့နယ်ရှိ လက်နက်ကိုင်ပဋိပက္ခကြောင့် ပြည်သူများအပေါ် ဖြစ်ပေါ်သော သက်ရောက်မှုအတွက် အပြင်းအထန် စိုးရိမ်ပူပန်လျက်ရှိသည်။ ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်/အာရက္ခ တပ်တော် (AA) မှ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်တွင် ကြိုတင်အသိပေးချက်နှင့် အရေးပေါ်ကြေငြာချက်ကို ထုတ်ပြန်ခဲ့ပြီး မောင်တောမြို့ရှိ ကျန်ရှိနေသေးသော မြန်မာစစ်အုပ်စု၏စခန်းများကို အမြန်ဆုံး တိုက်ခိုက်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သတိပေးကာ မောင်တောမှ နေထိုင်သူများအား ချက်ချင်းထွက်ခွာကြရန် အကြံပေးခဲ့သည်။

မောင်တောရှိ ပြည်သူအများစုမှာ ရိုဟင်ဂျာများဖြစ်ပြီး၊ အများစုမှာ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ အခြားဒေသများတွင် ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ မကြာသေးမီ ရက်သတ္တပတ်များအတွင်း ရခိုင်ပြည်နယ်ရှိ အသိုင်းအဝိုင်းများအားလုံးသည် မြန်မာစစ်အုပ်စု၊ AA နှင့် အခြား လက်နက်ကိုင်အဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေချိုးဖောက်မှုများကို ခံစားခဲ့ရကြောင်း သတင်းပေးပို့ထားမှုများရှိသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရိုဟင်ဂျာများသည် ထပ်မံ၍ ရက်စက်ကြမ်းကြုတ်ဖွယ် လူ့အခွင့်အရေးချိုးဖောက်မှုများကို ခံစားရနိုင်သော အန္တရာယ်ကြီးမားသည့် အခြေအနေတွင် ရှိနေပြန်သည်။

SAC-M သည် လက်နက်ကိုင်အဖွဲ့အစည်းအားလုံးအနေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေအရ ပြည်သူများ၏ လုံခြုံရေးကို လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားသည့် မည်သည့်အချိန်တွင်မဆို အာမခံရန် တာဝန်ရှိကြောင်း အလေးပေးပြောကြားလိုက်သည်။ ဘေးကင်းရာသို့ထွက်ခွာရန် ကြေငြာချက်များထုတ်ပြန်ခြင်းသည် ၎င်းအဖွဲ့များအနေဖြင့် ဤတာဝန်များမှ လွတ်ငြိမ်းသွားသည်မဟုတ်ပေ။ လက်နက်ကိုင်ပဋိပက္ခအချိန်ကာလအတွင်း ပြည်သူများကို ကာကွယ်ရန် တာဝန်အရ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို အတားအဆီးမရှိ ပေးအပ်နိုင်ရန်အထိ ပါဝင်သည်။ AA ခေါင်းဆောင်ပိုင်းက ပြည်သူများကို ကာကွယ်ရန် ကတိကဝတ်ထားရှိကြောင်း အခိုင်အမာ ပြောဆိုပြီးဖြစ်သည်။

ယနေ့တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးသည် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ၅၆ ကြိမ်မြောက်အစည်းအဝေးတွင် ၎င်း၏ မြန်မာနိုင်ငံအခြေအနေဆိုင်ရာ အစီရင်ခံစာအသစ်ကို တင်ပြခဲ့သည်။ မဟာမင်းကြီးသည် မောင်တောတွင် ဖြစ်ပေါ်နေသော အခြေအနေအပေါ် စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး၊ ရိုဟင်ဂျာများသည် ပြေးစရာမြေမရှိ ဖြစ်နေကြောင်း အလေးပေးပြောကြားခဲ့သည်။ ကောင်စီ၏ အဖွဲ့ဝင်

နိုင်ငံများသည် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများနှင့် အခြားလူနည်းစုများ၏ အခွင့်အရေးဆိုင်ရာ နှစ်စဉ် ဆုံးဖြတ်ချက်ကို အစည်းအဝေးတွင် ချမှတ်မည်ဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) သည် မြန်မာနိုင်ငံတွင် အပြင်းထန်ဆုံးသော နိုင်ငံတကာဥပဒေချိုးဖောက်မှုများ၏ သက်သေခံချက်များကို ဆက်လက်စုဆောင်းနေဆဲဖြစ်သည်။ ဤသည်မှာ စစ်အုပ်စုက ကျူးလွန်ခဲ့သည်ဟူ၍ သတ်မှတ်ထားသော ချိုးဖောက်မှုများအတွက်သာ မဟုတ်ပေ။

SAC-M သည် မြန်မာနိုင်ငံတွင် ရာဇဝတ်မှုကျူးလွန်သူများ အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရရှိနေမှုအား  ကိုင်တွယ်ဖြေရှင်းရန်နှင့် IIMM မှ စုဆောင်းထားသော သက်သေများကို ရာဇဝတ်မှုများအတွက် တရားစွဲဆိုရာတွင် အသုံးပြုနိုင်မည့် တရားစီရင်ရေး အာဏာကို သေချာစေခြင်းဖြင့် တာဝန်ယူ/ခံမှု ပိုမိုရှိလာစေရေးအတွက် အမြန်ဆုံး လုပ်ဆောင်ရန် နိုင်ငံတကာအသိုင်းအဝိုင်းကို ထပ်မံတောင်းဆိုလိုက်သည်။ လုံခြုံရေးကောင်စီ သို့မဟုတ် ရောမပြဋ္ဌာန်းဥပဒေစာချုပ် (Rome Statute) ၏ အဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံအခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးရန် တောင်းဆိုသင့်သည်။ ၂၀၂၁ ခုနှစ်၌ မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် မြန်မာနိုင်ငံတွင် ICC ၏ အာဏာကို လက်ခံခဲ့သော်လည်း နိုင်ငံတကာရာဇဝတ်ခုံရုံး မှ ယခုအချိန်ထိ လုပ်ဆောင်မှု အလျှင်း မပြုလုပ်သေးပေ။ ICC အနေဖြင့် မြန်မာအခြေအနေနှင့်စပ်လျဉ်း၍ ၎င်းအား လက်မလွှတ်တမ်း အသုံးချနိုင်ခြင်းမရှိပါက နိုင်ငံတကာအသိုင်းအဝိုင်းသည် မြန်မာနိုင်ငံအတွက် အထူးနိုင်ငံတကာရာဇဝတ်ခုံရုံး တရပ်ကို ထူထောင်သင့်သည်။

မြန်မာနိုင်ငံတွင် မြန်မာစစ်အုပ်စုသည် ရိုဟင်ဂျာများအပေါ် ကျူးလွန်ထားသော လူမျိုးသုဉ်းသတ်ဖြတ်သည်ဟူသော  စွပ်စွဲထားသည့် ပြစ်မှုများအပါအဝင် အကြမ်းဖက်မှုများနှင့် နိုင်ငံတကာဥပဒေချိုးဖောက်မှုများ၏ အဓိကရင်းမြစ်ဖြစ်သည်။ ၂၀၂၀ ခုနှစ် နိုင်ငံတကာတရားရုံး (ICJ) မှ ချမှတ်သော ကြားဖြတ်စီရင်ချက်တရပ်အရ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများသည် လူမျိုးသုဉ်းသတ်ဖြတ်မှု အန္တရာယ်နှင့် ဆက်လက်ရင်ဆိုင်နေရကြောင်း ကြေညာခဲ့သည်။ စစ်အုပ်စုသည် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများကို လူသားဒိုင်းများအဖြစ် အသုံးပြုခြင်းနှင့် အတင်းအကျပ် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ရန် ဖိအားပေးခြင်းတို့ဖြင့် ရိုဟင်ဂျာများကို ဆက်လက်ပစ်မှတ်ထားလျက်ရှိသည်။

AA သည် ၂၀၂၄ ခုနှစ်၊ မေလတွင် မောင်တောမြို့အနီးအနားရှိ ဘူးသီးတောင်မြို့နယ်တွင် ရိုဟင်ဂျာများကို ပြင်းထန်စွာ တိုက်ခိုက်ခဲ့သည်ဟု သတင်းပေးပို့ချက်များရှိသည်၊ အဆိုပါ တိုက်ခိုက်မှုကြောင့် လူ ၁,၅၀၀ ခန့် သေဆုံးခဲ့ပြီး ၂၀၀,၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်ခဲ့သည်ဟု ရိုဟင်ဂျာ တက်ကြွလှုပ်ရှားသူများက ဆိုကြသည်။ ဇွန်လ၊ ၁၆ ရက်နေ့ ဘေးကင်းရာသို့ ထွက်ခွာကြရန် ကြေငြာချက်နှင့် မောင်တောတွင် ဖြစ်အံ့သော တိုက်ခိုက်မှုများ၊  AA အကြီးပိုင်း အဖွဲ့ဝင်များ၏ စကားအသုံးအနှုန်းများသည် AA အနေဖြင့် ရိုဟင်ဂျာများကို ရခိုင်ပြည်နယ်မှ အတင်းအကျပ် ထွက်ခိုင်းရန် ရည်ရွယ်နေသည်ဟူသော စိုးရိမ်ရမှုများ၏ အကြောင်းအရင်းခံပင်ဖြစ်သည်။